Address:
P.O. Box 201, Prasingh,
Chiang Mai, Thailand 50200

Email: shanhumanrights@gmail.com
Website: www.shanhumanrights.org
Phone: +66 (0)93- 297-7754

## ရှမ်းလူ့အခွင့်အရေး မဏ္ဍိုင်မှ နောက်ဆုံးရသတင်း စာအမှတ် ( ၅ / ၂၀၁၇ )

ဇွန်လိုင်လ ၇ ရက် ၂၀၁၇ ခု။

**အစိုးရစစ်တပ်က ရှမ်းပြည် ပြန်လည်ထူထောင်ရေးတပ်မတော် (RCSS/SSA) ကို မိုင်းပျင်းတွင် တိုက်ခိုက်ခြင်း၊ လူ့အခွင့်အရေးချိုးဖေါက်ခြင်း တို့ကြောင့် ရှမ်းပြည်နယ်တွင် ငြိမ်းချမ်းရေး လုပ်ဆောင်နေသည့်တိုင် ဘာဂလုံခြုံမှုမရှိ။**

မကြာသေးမီ ၂၀၁၇ ခု ဇွန်လ ၁၇ ရက်နေ့က ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပျင်းမြို့နယ် မိုင်းပူးအနီး၌ ဖြစ်ပွါးသော ရှမ်းပြည် ပြန်လည်ထူထောင်ရေးတပ်မတော် (RCSS/SSA)နှင့် အစိုးရတပ်တို့ တိုက်ပွဲသည် ဤနှစ် ပထမပိုင်း အတွင်း ဖြစ်သည့် တိုက်ပွဲများတွင်တွင် နောက်ဆုံးဖြစ်သည်။

ရှမ်းပြည် ပြန်လည်ထူထောင်ရေးတပ်မတော် (RCSS/SSA)သည် တနိုင်ငံလုံး အပစ်ရပ်စာချုပ်ကို လက်မှတ် ရေးထိုးပြီး ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် တက်ကြွစွာပါဂင် နေသော်လည်း အစိုးရစစ်တပ်တို့က ရှမ်းပြည် ပြန်လည်ထူထောင်ရေးတပ်မတော် (RCSS/SSA)ကို တိုက်ခိုက်သည်၊ မိုင်းပျင်းတွင် ကင်းလှည့်သည်၊ ရှမ်းစစ်သားတို့နှင့် ဆက်စပ်သည် ဆိုကာ ရွာသားတို့ကို မတရားဖမ်းဆီးခြင်း နှိပ်စက်ခြင်းများ လုပ်နေသည်။


ဤမှတ်တမ်းမှာ ၂၀၁၇ ခု ဖေဖဂါရီ မှ ဧပြီလအတွင်း မိုင်းပျင်းရှိ အစိုးရတပ် ခမရ ၂၇၇ နှင့် ၅၂၇ တို့က ဒေသခံရွာသားများအပေါ် ကျူးလွန်သည့် မတရားဖမ်းဆီးမှု၊ နှိပ်စက်မှု၊ လုယက်မှုတို့ကို ပြုစုထားခြင်းဖြစ်သည်။

ဖြစ်ရပ်တခုမှာ - သံလွင်မြစ်နှင့် ၁၀ ကီလိုမီတာ ဂေးသော ကတ်လင်းရွာတွင် ဧပြီလ ၂၂ ရက်နေ့က ပလောင်ရွာသား ၆ ယောက်ကို ရိုက်နှက်စစ်ဆေးပြီး သူတို့ကို ကျင်းတူးခိုင်းခါ ရင်စို့အထိမြေကျင်းတွင် တနာ ရီခန့် မြှုပ်ထားသည်။ရွာလူကြီးအပါအဂင် တခြားရွာသား နှစ်ယောက်ကိုလည်း ကြိုးနှင့် သုံး ရက်ကြာ ချည်ထားသည်။

မိုင်းပျင်းမြို့နယ် အနောက်ဖျားသည် သံလွင်မြစ်နှင့် ထိစပ်နေသည်။ မိုင်းတုံ ရေကာတာကြီး၏ ရေလွှမ်း နယ်မြေဖြစ်သည်။ ထိုရေကာတာမှာ အစိုးရ၊ ထိုင်း နှင့် တရုတ်တို့ အရင်းအနှီးမြှုပ်ထားသည့် ရေကာ တာဖြစ်သည်။ ၂၀၁၇ခု ဇွန် ၁၈၊ထုတ် ပရာချာချတ် ထူရကစ် စာစောင် တွင် ထိုင်းစွမ်းအင်ဂန်ကြီးဌာနက ကရင်ပြည်နယ် သံလွင်မြစ်ပေါ် ရှိ ဟတ်ကြီး ရေကာထာမှာ အစိုးရနှင့် တိုင်းရင်းသားတို့ ကြား ပဋိပက္ခ ကြောင့် နားထားခါ မိုင်းတုံ ရေကာတာကို ဆက်လက်လုပ်ဆောင်မည်ဟု ဆိုသည်။ ဤသည်မှာ ရှမ်းပြည်နယ်တွင် ပဋိပက္ခ မရှိ သယောင် မှားယွင်းဖေါ်ပြမှုဖြစ်သည်။

လက်ရှိ ဖြစ်ပေါ်နေသော ဖြစ်ရပ်များအရ မိန်းတုံ ရေကာတာနှင့် ရေလွှမ်းမည့် နေရာတို့တွင် တိုက်ပွဲများ နှင့် အစိုးရစစ်တပ်မှ လူ့အခွင့်အရေးချိုးဖေါက်မှုများ ကျူးလွန်လုပ်ဆောင်နေစဲဖြစ်သည်။ ထိုင်းအစိုးရ အနေဖြင့် ပဋိပက္ခများရှိနေသည့် ကရင်ပြည်နယ်မှ ရေကာထာ စီမံကိန်းကို ပြန်လည်သုံးသပ်သည်မှာ အမျှော် အမြင်ကြီးရာ ရောက်သကဲ့သို့ ရှမ်းပြည်နယ်အတွက်လည်းထိုနည်းတူ လုပ်ဆောင်သင့်ကြောင်း အကြံပြု အပ်ပါသည်။

၂၀၁၇ ခုနှစ်၊ ဧပြီလနှင့်ဇွန်လကြား ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျင်းမြို့နယ်အတွင်း
ဗမာ့တပ်မတော်မှလူ့အခွင့်အရေးချိုးဖောက်မှုနှင့် NCA လက်မှတ်ရေးထိုးထားသော RCSS/SSA နှင့်တိုက်ပွဲဖြစ်ပွါးခြင်း




**လူ့အခွင့် အရေးချိုးဖေါက်မှုများ မှတ်တမ်း - ရှမ်းလူ့အခွင့်အရေး မဏ္ဍိုင်**
**ယောက်ျားနှစ်ဦးမတရားဖမ်းဆီးခံရပြီး၊တစ်ဦးကိုအစိုးရစစ်တပ်က ရိုက်နှက်ခြင်း**

ဖေဖဝါရီလ ၉ ရက်၊ ၂၀၁၇ တွင် မိုင်းပျင်းမြို့နယ် မိုင်းမန်း နှင့် မိုင်းပူးအွန် ကြားရှိနားလေ နှင့် ပန်ဟိုင်းကျေးရွာအနီးနား RCSS/SSA နှင့်အစိုးရစစ်တပ်အ ကြားတိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲအပြီးထိုနေ့ မှာပင် မိုင်းတုံတပ်ရင်း ၂၂၇ မှ တပ်သားအယောက် ၃၀ ခန့်လောက် သည်မိုင်းပူးအွန် ကြောပေါ်တွင် မိုင်းမန်း မှ မြင်းဝယ်၍ ပြန်လာသောဝန်ပတ်မှ မော်တော်ဆိုင်ကယ် စီးလာ သော ယောက်ျားနှစ်ဦးနှင့် ဆုံပါသည်။ မြန်မာ့တပ်သားမှ ထိုလူနှစ်ဦးကိုရပ်ခိုင်းပြီးဖမ်းဆီးကာမိုင်းမန်းကျေးရွာအုပ်စု၏ ကောင်းဂတ်ရွာ ရှိ အခြေစိုက်စခန်းသို့ဖမ်းဆီးခေါ်ဆောင်သွားပါသည်။

ဖမ်းဆီးချုပ်နှောင်ခံရသောရွာသားနှစ်ဦးမှာလုင်းကွန်း နှင့်ပါကိုတ် ၏ သားစိုင်းစုအသက် ၃၉၊ လုင်းမန်မော့ နှင့် ပါမန်အောင် ၏သား စိုင်းဝဏ္ဏ, အသက် ၃၀တို့ဖြစ်ကြသည်။အစိုးရတပ် မှ သေနတ်ဒင်ဖြင့်ရိုက်၍ခေါင်းမှသွေးထွက် ခဲ့ရပါသည်။သို့သော် ဆေးကုသမှု မရရှိခဲ့။

ဖေဖဝါရီလ ၁၂ တွင် စိုင်းဝဏ္ဏ ၏မိဘ နှင့်ဆွေမျိုးတို့မှ မိုင်းမန်းရှိအစိုးရစစ်တပ်အခြေစိုက်စခန်းသို့ သွားခဲ့ပါသည်။ သားဖြစ်သူ၏ ရိုက်နှက်ခံရသောဒဏ်ရာကိုတွေ့ကာစိုင်းဝဏ္ဏ ၏အမေကွယ်လွန်ခဲ့သည်။ ထို့နောက် စိုင်းဝဏ္ဏကိုအစိုးရစစ်တပ်မှ ထိုနေ့တွင်ပြန် လွှတ်ပေးခဲ့ပြီးနောက်နှစ်ရက် အကြာတွင် စိုင်းဆုကိုလွှတ်ပေးခဲ့သည်။နှစ်ဦးစလုံးစိတ် ဒဏ်ရာရရှိခဲ့ပြီးထိုအဖြစ်အပျက်နောက်ပိုင်း တခြားလူနှင့်တွေ့ဆုံစကားမပြောရဲတော့ပါ။

**ငွေနှင့် ပစ္စည်းများကို အစိုးရစစ်တပ်မှ လုယက်**

မတ်လ ၁၉ ၊ ၂၀၁၇ တွင် စစ်ဆင်ရေးကွပ်ကဲရေး(MOC 14) လက်အောက်ရှိမိုင်းဆတ်အခြေစိုက် အစိုးခြေလျင်တပ် ၅၂၇ နှင့် မိုင်းမန်းရှိလားဟူပြည်သူ့စစ်များမှ အယောက်၄၀ ခန့် က ကား၃ စီးဖြင့် မိုင်းမားဖက်မှ လာကာခမ်းပတ် ရွာမိုင်းပူးအွန် ကျေးရွာ အုပ်စုမိုင်းပျင်း မြို့နယ် သို့ လာခဲ့ပါသည်။

နောက်တစ်ရက် မတ်လ ၂၀ တွင် ထိုအစိုးရစစ်တပ်သားများကခမ်းပတ်ရွာအတွင်းလှည့်လည်ကာ ရွာသူရွာသားများ၏ ပစ္စည်းများ ကိုလုယက်ခဲ့ပါသည်။

**ဆုံးရှုံးသောရွာသူရွာသားများ၏ ပစ္စည်းများမှာ**

၁။လုင်းအိန်းစံ, အသက် ၃၉ နှင့် ပါယွန်း အသက်၃၉ တိုမှ ဖုန်းတစ်လုံး၊ တန်ဖိုး ၇၅၀၀ ကျပ်ရှိသောဓား နှင့် ငွေသား ၃၀၀,၀၀၀ ကျပ်ဆုံးရှုံးခဲ့ပါသည်။

၂။လုင်းမဟာအသက် ၄၇ နှင့် ပါအောင် အသက် ၅၂ တို့မှ ၆၀,၀၀၀ ကျပ်နှင့်ညီမျှသောဆန်အိတ် ၅ အိတ် ၊ ဆိုလာပြားတစ်ချပ်တန်ဖိုး ၅၀၀၀၀ ကျပ်၊ ဘက်ထရီ ၂၈,၀၀၀ ကျပ်တန် တစ်လုံး၊ ဓားတစ်လက် ၁၅,၀၀၀နှင့် ကြက်တစ်ကောင် တန်ဖိုး ၇,၀၀၀ ကျပ် တို့ ဆုံးရှုံးခဲ့ပါသည်။

**တအာန်း ရွာသူရွာသား၆ ဦးကိုရိုက်နှက်ပြီးကိုယ်တစ်ဝက်မြေမြှုပ်ခံရ၊ ရွာသူကြီးနှင့် ရွာသားတစ်ဦးကိုရှမ်းစစ်သားများနှင့်အဆက်အသွယ်ရှိသည်ဟူသောစွပ်စွဲချက်ဖြင့် ဖမ်းဆီး**

ဧပြီ ၂၂ ၊ ၂၀၁၇ တွင် အစိုးရစစ်တပ်ရင်း ၂၄၇ မှ တပ်သားအယောက် ၂၀ ခန့်က ရွာသူရွာသား ၆ ယောက်ကိုနှိပ်စက်ညှင်းပန်းခဲ့ပြီး နှစ်ဦးကိုဖမ်းဆီးပြီးကတ်လင်းရွာစံမောင်းကျေးရွာအုပ်စုမိုင်းပျင်း မြို့နယ် မှ တအာန်းရွာသူကြီးအပါအဝင်ဒေသခံတစ်ဦးကိုပါ ဖမ်းဆီးခဲ့ သည်။

ထိုနေ့နေ့လည် တွင် အစိုးရစစ်သားများသည်ကတ်လင်းရွာထဲသို့သွားကာတစ်အိမ် လျင်တစ်ဦးကျ ကတ်လင်းဘုန်းကြီးကျောင်းသို့ စုဝေးရန် ဆင့်ခေါ် ခဲ့သည်။ (ကတ်လင်းတွင်အိမ်ခြေ ၃၀ ရှိသည်။)



တပ်သားများက ဘုန်းကြီးကျောင်းသို့လာရောက်စု ဝေးနေသော ဒေသခံများ ကိုရှမ်း စစ်သား အကြောင်းတဦးချင်းစီမေးမြန်းပါသည်။ အချို့သော ဒေသခံ မကျား ကဗမာစကားကောင်းကောင်းနားမလည်သောကြောင့် မေးခွန်းများကို မဖြေနိုင်ခဲ့ပါ။ ထို့နောက် ဒေသခံ ၆ဦး ကို နှိပ်စက်ခဲ့ပြီးတစ်ဦး ချင်းဆီ ကိုဘုန်းကြီး ကျောင် းအနောက်ဘက် ရှိပြောင်းဖူးခြံထဲတွင် ၅ပေခန့် အကျယ်၊ တစ်ပေ ခန့်အနက် ကိုကျင်းတူးခိုင်းပါသည်။ ထို့နောက် ထို ၆ ဦးစလုံးကိုကျင်းထဲအတင်း အဓမ္မဆင်း နေခိုင်းကာမြေကြီးဖြင့် ရင်ဘတ်အထိဖို့ပြီး တစ်နာရီခန့်နေခိုင်း ပါသည်။ ပြီးနောက် ကျင်းထဲမှ ထွက်လာခိုင်းကာ "မင်းတို့ေ သမဲ့စာရင်း ထဲမှာပါ သွားပြီ" ဟုပြောခဲ့သည်။

*ကတ်လင်းဘုန်းကြီးကျောင်း*

ထို ၆ ဦးထဲမှ တစ်ဦး (ပေါပရိုင် အသက် ၃၀) ကိုအစိုးရတပ်သား ၅- ၆ ယောက်တို့ မှ မေးခွန်းမေးနေစဉ် ရိုက်နှက်ကြသည်။ နဖူး၊ ဘယ်ဖက်မျက်လုံးနှင့် နားခေါင်းတို့ ထိခိုက်သည်။မျက်လုံးပွန်းပဲ့သွားခါနားခေါင်းမှသွေးထွက်သည်အထိထုရိုက်ခဲ့ပါသည်။

ထိုဖြစ်ရပ် ဖြစ်ပြီးနောက်ပိုင်းပေါပရိုင်ကရွာထဲမနေရဲတော့ပဲ ကတ်လေရွာရှိအမေအိမ် သို့ သွားနေခဲ့သည်။ ကတ်လေရွာသည် နမ့်ဆန့် နှင့် မိုးနဲ မြို့နယ် ကြားတွင်ရှိပြီးကားဖြင့် ၇ နာရီခန့်စီးရသည်။ ပါပရိုင်သည် တစ်ပတ်ခန့် ဘာမမစားနိုင်ပဲတစ်ကိုယ်လုံးတုန်ယင်နေခဲ့သည်။ ထို့အနောက် သူ့အမေက ဝိဉာဉ်ခေါ်ပေး မှ ပုံမှန် အတိုင်းပြန်ဖြစ်လာသည်ဟုသိရသည်။အစိုးရစစ်တပ်ကဘာမှ အကူအညီ မပေးပေ။

ပေါပရိုင် မေးခွန်းမေးမြန်းခံရစဉ် အစိုးရစစ်သားမှ အခြားရွာသားစိုင်းစိန်စန် ၏ဓာတ်ပုံကိုထုတ်ပြခဲ့ပြီးရှမ်းစစ်သားဟုတ်မဟုတ် မေးခဲ့သည်။ ဗမာစကားကောင်းကောင်းနားမလည်သောကြောင့် ဟုတ်တယ်ဟုဖြေကြားမိကာစိုင်းစိန်စန် မှာရှမ်းစစ်သားနှင့်အဆ က်အသွယ်ရှိသည်ဟု အကြောင်းပြချက်ဖြင့် ဖမ်းဆီးခဲ့သည်။



*ပေါပရိုင်၏နေအိမ်*

ထို့နောက် စိုင်းစိန်စန်ကိုရွာသူကြီးလုင်းစံရွှေ နှင့်အတူဖမ်းဆီးခဲ့သည်။ လက်ကိုနောက်ပြန်ကြိုးတုပ်ထားပြီးဘုန်းကြီးကျောင်းအနေ နာက်ဖက်တွင် ၃ ရက်ကြာထားခဲ့သည်။ ဒေသခံများကလုင်းစံရွှေ ၏ နမ့်စံ မှ ဗမာစကား ကောင်းကောင်းနား လည်သော အမျိုးထံဖုန်းဆက်အ ကူအညီတောင် း ခဲ့သည်။ ထိုလူကသူတို့နှစ်ဦးမှာ RCSS စစ်သားများ မဟုတ်ဘူး ဟုရှင်းပြ မှပြန်လွတ်ပေးခဲ့သည်။

**ဖမ်းဆီးခံရသောရွာသားနှစ်ဦး၏ ကအချက်အလက်**

၁။ ရွာသူကြီးလုင်းဆမ်ရွှေ ၊ အသက် ၄၀ သည်ပေါမင် နှင့် မေမင် တို့၏သားဖြစ်သည်။ ရှမ်းစစ်တပ်ကိုရွာအပြင်ဘက်မှာတပ်စွဲရန် ခေါ်ဆိုခဲ့သည်ဟုစွပ်စွဲခံရ

၂။ စိုင်းစိမ်းဆန် ၊ အသက် ၃၀ သည် ကတ်လင်းလုင်းကျန်စံ နှင့် ပါကျန်စံတို့၏သား ဖြစ်သည် ရှမ်းစစ်သားနှင့်ပတ်သက်သည်ဟုစွပ်စွဲခံရ

## ဆက်သွယ်ရန်လိပ်စာ


စိုင်းပော်ရှိန် +၆၆ (၀) ၆၂-၉၄၁-၉၆၀၀ (ရှမ်း၊ အင်္ဂလိပ်)
စိုင်းကွန်းလောဝ်း +၆၆ (၀) ၆၅-၀၂၆-၆၁၀၄ ( ဗမာ၊ အင်္ဂလိပ်)
နန်းလွန့်လှိုင်း +၆၆ (၀) ၆၃-၈၃၈-၉၀၂၉ ( ဗမာ၊ အင်္ဂလိပ်)
နန်းစံတောင်း + ၆၆ (၀) ၈၁-၆၀၃-၆၆၅၅ (ရှမ်း၊ အင်္ဂလိပ်၊ ထိုင်း)